| (ည) | ဦးအောင်ရွှေ<br>ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ရွှေနေချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဦးဦးကြွား<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး | အတွင်းရေးမှူး |

# (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၁၄)

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၄) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများဖြေရှင်းရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးသန်းအေး<br>တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး (ငြိမ်း)<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့ | ဥက္ကဋ္ဌ |
| (ခ) | ဦးဝေတင့်<br>ပိုင်ရှင်၊ မြလင်းကြာဇံစက်၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးသွင်<br>မန်နေဂျာ၊ NTT သစ်ပါးလွှာစက်ရုံ၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးအုန်းလွင်မြင့်<br>အထွေထွေမန်နေဂျာ၊ မြန်မာယန်စီကုမ္ပဏီ၊ ဆားလင်းကြီးမြို့ | အဖွဲ့ဝင် |
| (င) | ဦးဟန်ငွေး<br>ကျွမ်းကျင် -၂၊ သီဟထွန်းကုမ္ပဏီလီမိတက်၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (စ) | ဦးငွေးဝင်း<br>Civil Supervisor၊ မြန်မာယန်စီကုမ္ပဏီ၊ ဆားလင်းကြီးမြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်မြင့်သူ<br>အဆိုင်းခေါင်းဆောင်၊ NTT သစ်ပါးလွှာစက်ရုံ၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးလှမျိုးအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး၊ အလုပ်ရုံနှင့်အလုပ်သမား<br>ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးမြင့်<br>အောင်ဆုမွန်ထီရောင်းဝယ်ရေး၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (ည) | ဦးမျိုးမင်း<br>စာကြည့်တိုက်ဥက္ကဋ္ဌ၊ မုံရွာမြို့ | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဍ) | ဒေါ်မြင့်မြင့်သင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့ | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၁၄)

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၄) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများဖြေရှင်းရန်အတွက် ကချင်ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးအောင်မြင့်<br>လက်ထောက်ပြည်နယ်ဥပဒေအရာရှိ (ငြိမ်း)၊ ရှေ့နေချုပ်ရုံး၊ ကချင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဝေလင်း<br>ပိုင်ရှင်၊ ဝေလင်းကားဘော်ဒီလုပ်ငန်း၊ မြစ်ကြီးနားမြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးလှရွှေ<br>ပိုင်ရှင်၊ ရွှေဝါနှံဆန်စက်၊ ဝိုင်းမော်မြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးစိန်ဝင်း<br>ပိုင်ရှင်၊ စိန်ဝတီရေသန့်စက်ရုံ၊ မြစ်ကြီးနားမြို့ | အဖွဲ့ဝင် |
| (င) | ဦးဇော်အောင်ဆန်း<br>စာရင်းကိုင်၊ လပ်ကီးမုန့်တိုက်၊ မြစ်ကြီးနားမြို့ | အဖွဲ့ဝင် |
| (စ) | ဦးအောင်နိုင်ဝင်း<br>ကြီးကြပ်ရေးမှူး၊ လွယ်လင်စားသောက်ဆိုင်၊ မြစ်ကြီးနားမြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းမြင့်<br>ကြီးကြပ်ရေးမှူး၊ ဟသ်ာတည်းခိုခန်း၊ မြစ်ကြီးနားမြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်မြင့်ဦး<br>ဦးစီးအရာရှိ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး<br>ဦးစီးဌာန (ကချင်ပြည်နယ်ရုံး) | အဖွဲ့ဝင် |
| (စျ) | ဦးမြင့်သိန်း<br>ဦးစီးအရာရှိ (ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးကျော်သောင်း<br>ဦးစီးအရာရှိ (ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါ်နုနုဆွေ<br>လက်ထောက်ညွှန်ကြားရေးမှူး၊ အလုပ်သမားရေးရာ<br>ဆက်ဆံရေးဦးစီးဌာန၊ ကချင်ပြည်နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၁၄)

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၄) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများဖြေရှင်းရန်အတွက် ကယားပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးခင်မောင်ကြီး<br>လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းအောင်ထွန်း<br>ပိုင်ရှင်၊ တွင်ခုံနှင့် သံဂဟေလုပ်ငန်း၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်သိန်း<br>ပိုင်ရှင်၊ ဆီစက်လုပ်ငန်း၊ စက်မှုရပ်ကွက်၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးချစ်လွင်<br>ပိုင်ရှင်၊ သံပန်း၊ သံတံခါးလုပ်ငန်း၊ စက်မှုရပ်ကွက်၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (င) | ဦးချစ်တင်<br>လုပ်သား၊ သစ်စက်လုပ်ငန်း၊ စက်မှုရပ်ကွက်၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (စ) | ဦးအောင်ဆန်း<br>လုပ်သားခေါင်းဆောင်၊ ကျော်ရတနာစက္ကူစက်<br>စက်မှုရပ်ကွက်၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်သန်းဇော်<br>သစ်စက်ဝိုင်းဆရာ၊ နဂါးမင်းသစ်စက်၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးဖေမြင့်<br>ဦးစီးအရာရှိ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန၊ ခရိုင်ရုံး၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်အေး<br>မြန်မာ့စီးပွားရေးဘဏ် (ငြိမ်း)၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ည) | ဦးသန်းရွှေ<br>ရဲမှူးကြီး (အငြိမ်းစား)၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်နီလာထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ကယားပြည်နယ်၊ လွိုင်ကော်မြို့ | အတွင်းရေးမှူး |

# (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၁၄)

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၄) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများဖြေရှင်းရန်အတွက် တနင်္သာရီတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးထွန်းကြည်<br>ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဌ |
| (ခ) | ဦးအောင်သူ<br>မန်နေဂျာ၊ ဖိုးသီးချိုမီးလင်းရေး၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်အောင်မျိုး<br>မန်နေဂျာ၊ ထူးထူးတိုးကုမ္ပဏီ၊ မြိတ်မြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးတိုးဝင်းသိန်း<br>မန်နေဂျာ၊ တိုးတက်အောင်မွေးမြူရေးသ/မ၊ ကော့သောင်းမြို့ | အဖွဲ့ဝင် |
| (င) | ဦးကြည်ရှိန်<br>ငွေကိုင်၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီ၊ ကော့သောင်းမြို့ | အဖွဲ့ဝင် |
| (စ) | ဦးစိုးမြင့်ထွန်း<br>ထုတ်လုပ်ရေးမှူး၊ အဆောင်ကောင်းကုမ္ပဏီ၊ မြိတ်မြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးသန်းစိုး<br>လုပ်သားစုမှူး၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီ၊ ကော့သောင်းမြို့ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ဆွေဆွေထွန်း<br>ဒုတိယညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာယုစိန်<br>ရော်ဘာခြံလုပ်ငန်း၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ည) | ဦးသန်းစိန်<br>ရော်ဘာခြံလုပ်ငန်း၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ဋ) | ဦးခင်မောင်ချို<br>ဦးစီးအရာရှိ၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊<br>တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ | အတွင်းရေးမှူး |

ဦးအေးမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စည်ပင်သာယာရေးဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေအမှတ် ၁/၂၀၁၄ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ ဤဥပဒေအာဏာမတည်မီကာလက သတ်မှတ်ထားသော စည်ပင်သာယာရေးနယ်နိမိတ်များ၊ ယင်းစကားရပ်တွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (ဂ) တွင် ပါဝင်သော မြို့နယ်များရှိ စည်ပင်သာယာရေးနယ်နိမိတ်များ ပါဝင်သည်။

(ခ) **ပြည်နယ်**ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးချုပ်**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ကို ဆိုသည်။

(င) **ဥက္ကဋ္ဌ**ဆိုသည်မှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌကို ဆိုသည်။

(စ) **ဦးစီးအဖွဲ့**ဆိုသည်မှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကို ဆိုသည်။

(ဆ) **ဌာန**ဆိုသည်မှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စည်ပင်သာယာရေးဌာနများကို ဆိုသည်။

(ဇ) **စည်ပင်သာယာရေးကော်မတီ**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများအား ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဤဥပဒေအရ ဖွဲ့စည်းသောကော်မတီကိုဆိုသည်။ ယင်းစကားရပ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့ ပါဝင်သည်။

(ဈ) **ဒေသကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ည) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ရုံးအကြီးအမှူးကို ဆိုသည်။

(ဋ) **မြို့နယ်ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဌ) **အမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးဌာန ရုံးအကြီးအမှူးကို ဆိုသည်။

(ဍ) **မြို့နယ်ခွဲတာဝန်ခံ**ဆိုသည်မှာ ဤဥပဒေအာဏာမတည်မီ စည်ပင်သာယာရေးဌာနမှ ဖွဲ့စည်း တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ မြို့နယ်ခွဲစည်ပင်သာယာရေးဌာနရုံးအကြီးအမှူးကို ဆိုသည်။

(ဎ) **စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ သို့မဟုတ် ဦးစီးအဖွဲ့ သို့မဟုတ် ဌာနကထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်။

(ဏ) **ပတ်ဝန်းကျင်ထိခိုက်စေနိုင်သောလုပ်ငန်း**ဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးရှိစွာအသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ်

အကျိုးဖြစ်ထွန်းရေးကိုဖြစ်စေ၊ တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ ထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာဘေးအန္တရာယ်ရှိ ပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထုအပါအဝင် ပတ်ဝန်းကျင်အစိတ်အပိုင်းတစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှု၊ သက်ရောက်စေမှု တစ်ရပ်ရပ်ကို ဖြစ်စေသည့် လုပ်ငန်းကို ဆိုသည်။

(တ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရသော်လည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက် ဖြစ်စေနိုင်သောလုပ်ငန်းကို ဆိုသည်။

(ထ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဒ) **ဝန်ဆောင်ခွန်**ဆိုသည်မှာ လျှပ်စစ်မီးပေးဝေခြင်း၊ ရေပေးဝေခြင်းနှင့် ရေလိုင်းဆက်သွယ်ပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းကြပ်ကောက်ခံသော အခွန်များ ပါဝင်သည်။ ယင်းစကားရပ်တွင် မြို့နယ်ကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက် သတ်မှတ်သော အခွန်များလည်း ပါဝင်သည်။

(ဓ) **ရေခွန်**ဆိုသည်မှာ မြို့နယ်ကော်မတီထံမှ ရေရယူသုံးစွဲခြင်းအတွက် ကောက်ခံသောအခွန်ကို ဆိုသည်။

(န) **မီးခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများတွင် မီးထွန်းစရိတ်ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသော အခွန်ကို ဆိုသည်။

(ပ) **အမှိုက်နှင့်အညစ်အကြေးခွန်**ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက်ရသည့် စရိတ်များအား ကျခံနိုင်စေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

(ဖ) **နှစ်စဉ်စံငှားရမ်းခတန်ဖိုး**ဆိုသည်မှာ အခွန်စည်းကြပ်မည့်မြေနှင့် အဆောက်အအုံကို မည်သည့် အသုံးအဆောင် ပရိဘောဂမျှ မပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်း ထားသော တန်ဖိုးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်စည်းကြပ်မည့်မြေနှင့် အဆောက် အအုံ၏တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ ရာခိုင်နှုန်းအရ ရရှိလာမည့်တန်ဖိုးငွေလည်း ပါဝင်သည်။

(ဗ) **အနှေးယာဉ်**ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဘ) **အနှေးယာဉ်မောင်း**ဆိုသည်မှာ အနှေးယာဉ်ကိုနင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်။

(မ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်ချောင်းနှင့် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူ ပို့ဆောင်သည့် အများပြည်သူဆိုင်ရာကူးတို့လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

(ယ) **ဘော်ဒါဆောင်**ဆိုသည်မှာ အခန်းလိုက်ဖြစ်စေ၊ အဆောက်အအုံလိုက်ဖြစ်စေ၊ လူနေထိုင်ရန်အတွက် အခမဲ့ သို့မဟုတ် အခကြေးငွေယူ၍ လူနေထိုင်ခွင့်ပြုသော အဆောက်အအုံကို ဆိုသည်။

(ရ) **သားသတ်လုပ်ငန်း**ဆိုသည်မှာ အများပြည်သူစားသုံးရန်အတွက်ဖြစ်စေ၊ အခြားနည်းအတွက်ဖြစ်စေ၊ ခြေလေးချောင်းတိရစ္ဆာန်များကို သတ်ဖြတ်သည့်လုပ်ငန်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများကို စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) စည်ပင်သာယာရေးနှင့် သက်ဆိုင်သည့် အခွန်အရပ်ရပ်အား သတ်မှတ်သော နှုန်းထားများအတိုင်း အပြည့်အဝရရှိစေရန်၊

(ဂ) ရရှိသော အခွန်များနှင့် မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား တည်ဆဲဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုစေရန်၊

(ဃ) အများပြည်သူထံမှ ရရှိသည့် အခွန်၊ အခများသည် အများပြည်သူအကျိုးအတွက်သာ ဖြစ်သည် ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်စေရန်။

## အခန်း (၃)
## စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်း

၄။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လမ်းညွှန်ကြီးကြပ်မှုပြုနိုင်ရန်အတွက်လည်းကောင်း၊ အစိုးရအဖွဲ့နှင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီ အကြား လိုအပ်သည့်ကိစ္စရပ်များ ဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်စေရေးနှင့် မြို့ပြဒေသများ ရပ်ကွက်၊ ကျေးရွာများ စနစ်တကျ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရမည်။

၅။ (က) ဦးစီးအဖွဲ့သည် ဒေသကော်မတီကို နိုင်ငံသားများဖြင့် ရွေးချယ်ခန့်အပ်ထားသော နည်းလမ်း အရ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | အလုပ်အမှုဆောင် (ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့) | ဥက္ကဋ္ဌ |
| (၂) | ဒေသဦးစီးအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၃) | ဒေသဦးစီးအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၄) | ဥက္ကဋ္ဌ၊ ဟိုပုံးမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ၊ ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ၊ ပင်လောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) | ဒေသအမှုဆောင်အရာရှိ၊ ဒေသစည်ပင်သာယာရေးဌာန | အတွင်းရေးမှူး |

(ခ) ဦးစီးအဖွဲ့သည် ဒေသကော်မတီ၏ အဖွဲ့ဝင်ဦးရေကို အခါအားလျော်စွာ သင့်လျော်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ဦးစီးအဖွဲ့သည် မြို့နယ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | လူမှုရေး (သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (၃) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (၄) | မြို့မိမြို့ဖများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (၅) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးဌာန | အတွင်းရေးမှူး |

၆။ ဒေသကော်မတီသည် ဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ကော်မတီဖွဲ့စည်းခြင်း မပြုနိုင်သည့် အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် မြို့နယ်ကော်မတီသည် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက် နိုင်စွမ်း မရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိ သို့မဟုတ် သင့်လျော်သော နိုင်ငံသားတစ်ဦးကို တာဝန်ပေးအပ်နိုင်သည်။ သို့ရာတွင် ထိုသို့ တာဝန်ပေးအပ်ရာ၌ အချိန်ကာလအားဖြင့် (၆) လထက် မကျော်လွန်စေရ။

၇။ ဒေသကော်မတီနှင့် မြို့နယ်ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၈။ ဒေသကော်မတီသည် ဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အစိုးရဝန်ထမ်းမဟုတ်သော ဒေသကော်မတီဝင်များနှင့် မြို့နယ်ကော်မတီဝင်များ၏ ရပိုင်ခွင့်အား သတ်မှတ် ပေးရမည်။ ထိုသို့ သတ်မှတ်ပေးရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေပေါ်မူတည်၍ သတ်မှတ်ပေးရမည်။

၉။ ဒေသကော်မတီသည် ဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်ကော်မတီဝင်များ ရွေးချယ်ခန့်ထားရေး၊ အစားထိုးရွေးချယ်ခန့်ထားရေးနှင့် စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

၁၀။ စည်ပင်သာယာရေးကော်မတီများ၏ သက်တမ်းသည် (၅) နှစ်သက်တမ်းဖြစ်ပြီး ဦးစီးအဖွဲ့သက်တမ်း အတိုင်း ဖြစ်သည်။

## အခန်း (၄)
## စည်ပင်သာယာရေးဌာနများ ဖွဲ့စည်းခြင်း

၁၁။ ဒေသကော်မတီသည် ဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဒေသများတွင် -

(က) မြို့နယ်တစ်ခုကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်များကို စုစည်း၍ဖြစ်စေ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင်သာယာရေးဌာနကို ဖွဲ့စည်းနိုင်သည်။

(ခ) ဤဥပဒေအာဏာမတည်မီကာလက ဖွဲ့စည်းပြီးဖြစ်သော ဝန်ထမ်းများပါဝင်သည့် စည်ပင်သာယာရေး အဖွဲ့များအား ဤဥပဒေအရ ဖွဲ့စည်းသည့် စည်ပင်သာယာရေးဌာနများအဖြစ် မှတ်ယူရမည်။

၁၂။ ဒေသကော်မတီသည် ဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဒေသများတွင် -

(က) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ကြေညာသောအခါ မြို့အဖြစ် သတ်မှတ် ကြေညာထားသော နယ်နိမိတ်ကိုလည်းကောင်း၊ ယင်းနယ်နိမိတ်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ဒေသများကို ထည့်သွင်း၍လည်းကောင်း မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ် ဖွဲ့စည်းနိုင်သည်။ ထို့အပြင် မြို့အသွင်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာနယ်နိမိတ်ကိုလည်း မြို့စည်ပင် သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်နိုင်သည်။

(ခ) သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့များ၌ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများအား ဆောင်ရွက်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်နိုင်သည်။

## အခန်း (၅)
## လုပ်ငန်းတာဝန်များ

၁၃။ ဒေသကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အောက်ပါလုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ပြုရမည် -

(က) မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို ဥပဒေနှင့်အညီ ဖြစ်စေရန်နှင့် အောင်မြင်တိုးတက်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း။

(ခ) အစိုးရအဖွဲ့၊ ဦးစီးအဖွဲ့နှင့် ဌာန၏အမိန့်ညွှန်ကြားချက်တို့ကို မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် ထပ်ဆင့်ညွှန်ကြားကြီးကြပ်ခြင်း။

(ဂ) မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ ကော်မတီဝင်များနှင့် ဝန်ထမ်းများ၏ အောင်မြင်တိုးတက်မှုကို မှတ်တမ်းတင်၍ ဌာနမှတစ်ဆင့် ဦးစီးအဖွဲ့၏ ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ ဂုဏ်ပြုဆုများချီးမြှင့်ခြင်း။

(ဃ) စည်ပင်သာယာရေးဝန်ထမ်းများထဲမှ နိုင်ငံအတွက်အလားအလာရှိသော ထူးချွန်သည့် ဝန်ထမ်းကောင်းများအား အဆင့်မြှင့်ရာထူး/တာဝန်များတွင် ထမ်းဆောင်ခွင့်ရရှိနိုင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနတို့၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးခြင်း။

(င) စည်ပင်သာယာရေးဌာနများ တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း၊ လိုအပ်ပါက ဦးစီးအဖွဲ့သို့ တင်ပြဖြေရှင်းပေးခြင်း။

(စ) လိုအပ်ပါက ဦးစီးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီများအား ဖျက်သိမ်းခြင်း၊ ကော်မတီဝင်များအား တာဝန်မှ ရပ်နားစေခြင်းနှင့် ဝန်ထမ်းများအား ဝန်ထမ်းစည်းကမ်းအရ အရေးယူစေခြင်းတို့ကို ဆောင်ရွက်ခြင်း။

(ဆ) ဤဥပဒေအရ သတ်မှတ်ထားသောအယူခံကိစ္စရပ်များမှအပ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ဆောင်ချက်၊ ဆုံးဖြတ်ချက်တို့ကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် အတည်ပြုခြင်း။

၁၄။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ပြုရမည် -

(က) မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေရယူသည့် စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း။

(ဂ) ရေကန်များ၊ ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။

(ဃ) သန့်ရှင်းရေး၊ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(စ) မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဆ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးမီးနှင့် မီးအလှထွန်းခြင်း၊ အချက်ပြမီးများ တပ်ဆင်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်အသုံးပြုခြင်း။

(ဇ) စီးပွားရေးကြော်ငြာဆိုင်းဘုတ်များ ကြော်ငြာခြင်းအား ဆောင်ရွက်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း။

(ဈ) စည်ပင်သာယာရေးဌာနပိုင် ဈေးများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ည) ပုဂ္ဂလိကပိုင်ဈေးများ၊ အဆင့်မြင့်အရောင်းဆိုင်ကြီးများ၊ ပွဲရုံလုပ်ငန်းများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း။

(ဋ) အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ဌ) ကျွဲ၊ နွား၊ ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း။

(ဍ) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များ၊ ပုဂ္ဂလိကအိမ်ဆိုင်များနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း။

(ဎ) ပတ်ဝန်းကျင်ထိခိုက်စေနိုင်သောလုပ်ငန်း၊ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း။

(ဏ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(တ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို သတ်ဖြတ်ခွင့်ပြုခြင်းနှင့် ကြက်၊ ဘဲ၊ ငါး အပါအဝင် အသားရောင်းချခြင်းကို စည်းကမ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ထ) ကူးတို့လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ဒ) ယာဉ်နှင့် အနှေးယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်း၊ မြို့တွင်းနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ ယာဉ်တို့နှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း။

(ဓ) ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းများ၊ လုပ်ကိုင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

(န) လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှုစည်းကမ်းများ သတ်မှတ်ခြင်း၊ ရပ်ကွက်နှင့် လမ်းများ၏ အမည်ကို သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ် သတ်မှတ်ခြင်း။

(ပ) စည်ပင်သာယာရေးဌာနပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း။

(ဖ) ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာများအား လိုင်စင်ထုတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း။

(ဗ) ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း။

(ဘ) ကျူးကျော်အိမ်များ၊ ကျူးကျော်တဲများ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့် လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်း။

(မ) ပြည်တွင်းခရီးသည်များသာ တည်းခိုသော တည်းခိုခန်းများ၊ ကိုယ်ပိုင်ကျောင်းများ၏ ဘော်ဒါဆောင်များမှအပ ဘော်ဒါဆောင်များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးခြင်း။

(ယ) သတ်မှတ်ထားသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း၊ လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း။

(ရ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ အနာကြီးရောဂါစွဲကပ်သူနှင့်တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံခြင်း။

(လ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း။

(ဝ) သုသာန်များ သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ သင်္ဂြိုဟ်ခွင့်ပြုခြင်း၊ သင်္ဂြိုဟ်စက်များ တည်ဆောက်ခြင်းနှင့် ကြီးကြပ်စီမံခန့်ခွဲခြင်း။

(သ) ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်များဖျက်သိမ်းခြင်း၊ ဖျက်သိမ်းပြီး သုသာန်မြေနေရာကို အခြားနည်းဖြင့် အသုံးပြုခြင်း။

(ဟ) အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ တံတား၊ ရေမြောင်း၊ ရေပိုက်လိုင်း၊ မိလ္လာပိုက် စသည်တို့နှင့် မလွတ်ကင်းသော အဆောက်အအုံနှင့် အဆောက်အအုံအစိတ်အပိုင်းကို ဖယ်ရှားစေခြင်း။

၁၅။ မြို့နယ်ကော်မတီသည် ဒေသကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါအရာထမ်း (၂၂) ဦးအား ယှဉ်တွဲပါရာထူးများတွင် အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါ်သီသီနွယ် | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| (ခ) | ဦးဘုန်းကြည်အောင် | ညွှန်ကြားရေးမှူး |
| (ဂ) | ဦးကျော်ဇေယျ | ညွှန်ကြားရေးမှူး |
| (ဃ) | ဒေါ်မြတ်မြတ်ဦး | ဒုတိယညွှန်ကြားရေးမှူး |
| (င) | ဦးတင်ဝ | ဒုတိယညွှန်ကြားရေးမှူး |
| (စ) | ဦးသန်းဖြိုးနိုင် | ဒုတိယညွှန်ကြားရေးမှူး |
| (ဆ) | ဒေါ်တင်တင်မြင့် | ဒုတိယညွှန်ကြားရေးမှူး |
| (ဇ) | ဦးမောင်မှူး | ဒုတိယညွှန်ကြားရေးမှူး |
| (ဈ) | ဦးအောင်မြတ်ကျော် | ဒုတိယညွှန်ကြားရေးမှူး |
| (ည) | ဦးစိုးမင်းဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဋ) | ဦးမျိုးသွင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဌ) | ဒေါ်သူဇာထွေး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဍ) | ဒေါ်ဝင်းဝင်းမာ | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဎ) | ဒေါ်အုံးကြွယ် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဏ) | ဦးကျော်ကျော်အောင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (တ) | ဒေါ်ငွေးဝင်းမြင့် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ထ) | ဒေါ်သန်းသန်းနိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဒ) | ဒေါ်သိမ့် (ခ) သီတာခိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဓ) | ဒေါ်ခင်မာဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| (န) | ဒေါ်မိုးမိုးမြင့် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ပ) | ဒေါ်နန္ဒာခိုင်မြင့် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဖ) | ဒေါ်သိင်္ဂီဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၇၂/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၄၉/၂၀၁၃) အရ အောက်ပါဦးစီးအရာရှိ (၃၇) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်ထားကလျာရွှင် | ဦးစီးအရာရှိ |
| ၂။ | ဒေါ်သိန်းသိန်းထူး | ဦးစီးအရာရှိ |
| ၃။ | ဒေါ်စန်းစန်းဌေး | ဦးစီးအရာရှိ |
| ၄။ | ဒေါ်မာလာဝင်း | ဦးစီးအရာရှိ |
| ၅။ | ဦးတင်ဦး | ဦးစီးအရာရှိ |
| ၆။ | ဒေါ်ဝင်းဝင်းခိုင် (၂) | ဦးစီးအရာရှိ |
| ၇။ | ဒေါ်သန်းသန်းဌေး | ဦးစီးအရာရှိ |
| ၈။ | ဒေါ်နီနီဝင်း | ဦးစီးအရာရှိ |
| ၉။ | ဒေါ်နန်းမြအေး | ဦးစီးအရာရှိ |
| ၁၀။ | ဦးအေးဝင်း | ဦးစီးအရာရှိ |
| ၁၁။ | ဒေါ်ခင်ထားနွယ် | ဦးစီးအရာရှိ |
| ၁၂။ | ဒေါ်သန်းသန်းဆင့် | ဦးစီးအရာရှိ |
| ၁၃။ | ဒေါ်ဖြူဝင်းမျိုး | ဦးစီးအရာရှိ |
| ၁၄။ | ဒေါ်ခင်မျိုးညွန့် | ဦးစီးအရာရှိ |
| ၁၅။ | ဒေါ်ညိုနွဲ့ | ဦးစီးအရာရှိ |
| ၁၆။ | ဒေါ်ကြည်ကြည်စိန် | ဦးစီးအရာရှိ |
| ၁၇။ | ဦးကျော်မင်းဦး | ဦးစီးအရာရှိ |
| ၁၈။ | ဦးစိုးမင်း | ဦးစီးအရာရှိ |
| ၁၉။ | ဒေါ်ဝင်းဝင်းခိုင် (၁) | ဦးစီးအရာရှိ |
| ၂၀။ | ဒေါ်အိအိခင် | ဦးစီးအရာရှိ |
| ၂၁။ | ဒေါ်သက်နွယ်ထွေး | ဦးစီးအရာရှိ |
| ၂၂။ | ဒေါ်ဥမ္မာ | ဦးစီးအရာရှိ |
| ၂၃။ | ဒေါ်ဇင်မာလင်း | ဦးစီးအရာရှိ |
| ၂၄။ | ဒေါ်တင်ညွန့်ဝေ | ဦးစီးအရာရှိ |
| ၂၅။ | ဒေါ်ဆွေနွယ်ဝင်း | ဦးစီးအရာရှိ |
| ၂၆။ | ဒေါ်သန်းသန်းလှိုင် | ဦးစီးအရာရှိ |
| ၂၇။ | ဒေါ်ခင်အိအိဆွေ | ဦးစီးအရာရှိ |
| ၂၈။ | ဒေါ်ငြိမ်းငြိမ်းအေး | ဦးစီးအရာရှိ |
| ၂၉။ | ဒေါ်နိုင်နိုင်ဝင်း | ဦးစီးအရာရှိ |
| ၃၀။ | ဒေါ်ဝေဝေလှိုင် | ဦးစီးအရာရှိ |
| ၃၁။ | ဒေါ်အေးအေးသန်း | ဦးစီးအရာရှိ |
| ၃၂။ | ဒေါ်သင်းသင်းမြတ် | ဦးစီးအရာရှိ |
| ၃၃။ | ဒေါ်သန္တာမိုး | ဦးစီးအရာရှိ |
| ၃၄။ | ဒေါ်အေးအေးမူ | ဦးစီးအရာရှိ |
| ၃၅။ | ဒေါ်မေသင်းရီ | ဦးစီးအရာရှိ |
| ၃၆။ | ဦးချမ်းမြေ့ပိုင် | ဦးစီးအရာရှိ |
| ၃၇။ | ဦးစိုးဝဏ္ဏ | ဦးစီးအရာရှိ |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် ( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**လဝန်းစံ ကျောက်မျက် ကုမ္ပဏီလီမိတက်**

**(La Wun San Gems Co., Ltd.)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **လဝန်းစံ ကျောက်မျက် ကုမ္ပဏီလီမိတက် (La Wun San Gems Co., Ltd.)** အား (၁၆-၃-၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Si Thu Myat
Managing Director
La Wun San Gems Co., Ltd.

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## စိုပြေစိမ်း ကျောက်မျက် ကုမ္ပဏီလီမိတက်
## (So Pyay Seinn Gems Co., Ltd.)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **စိုပြေစိမ်း ကျောက်မျက် ကုမ္ပဏီလီမိတက် (So Pyay Seinn Gems Co., Ltd.)** အား (၁၆-၃-၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Aye Aye Win
Managing Director
So Pyay Seinn Gems Co., Ltd.

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## ကျောက်စိမ်းနေပြည်တော် ကျောက်မျက် ကုမ္ပဏီလီမိတက်
## (Kyauk Seinn Nay Pyi Taw Gems Co., Ltd.)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကျောက်စိမ်းနေပြည်တော် ကျောက်မျက် ကုမ္ပဏီလီမိတက် (Kyauk Seinn Nay Pyi Taw Gems Co., Ltd.)** အား (၁၆-၃-၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Aye Thandar Khaing
Managing Director
Kyauk Seinn Nay Pyi Taw Gems Co., Ltd.

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## စိမ်းဝင်းခိုင် ကျောက်မျက် ကုမ္ပဏီလီမိတက်
## (Sein Win Khaing Gems Co., Ltd.)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **စိမ်းဝင်းခိုင် ကျောက်မျက် ကုမ္ပဏီလီမိတက် (Sein Win Khaing Gems Co., Ltd.)** အား (၁၆-၃-၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Hla Win
Managing Director
Seinn Win Khaing Gems Co., Ltd.

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## LWIN GLOBAL COMPANY LIMITED ၏

ဖျက်သိမ်းရန်ကြေညာချက်

၁။ **LWIN GLOBAL COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၃-၄-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် - ၅၄၂၊ ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းထောင့် မေစင်တာ(ပ)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc, H.G.P, M.A (Business Law), PG Dip in Law] (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမျိုးလွင်
မန်နေးဂျင်းဒါရိုက်တာ
LWIN GLOBAL COMPANY LIMITED

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ငွေတောင်ချွန်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် ၏

ဖျက်သိမ်းရန်ကြေညာချက်

၁။ **ငွေတောင်ချွန်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၃-၄-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် - ၅၄၂၊ ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းထောင့် မေစင်တာ(ပ)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc, H.G.P, M.A (Business Law), PG Dip in Law] (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဌေးဝင်း
မန်နေးဂျင်းဒါရိုက်တာ
ငွေတောင်ချွန်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice

## CONNELL BROS CO., (MYANMAR) LIMITED

(In members' Voluntary Liquidation)

Pursuant of Section 208 E of the Myanmar Companies Act:

**Final Meeting**

A Final meeting of the above company will be held on 25th, May 2015 at No. 19-20, Bahosi Ward, Bogyoke Aung San Street, Lanmadaw Township, Yangon Region, at 9:00 AM.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation there of.

Me Me Kyaw
B.Com Q, C.P.A
Certified Public Accountant & Auditor
No.49/51, (7th Floor), 2nd Street, Lanmadaw Township,
Yangon Region, The Republic of the Union of Myanmar.

**မြန်မာကုမ္ပဏီများအက်ဥပဒေအရ**
**ချူးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**
**(Chu Trading Company Limited)**
အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၃-၅-၂၀၁၅) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဝင်းအောင်
မန်နေးဂျင်းဒါရိုက်တာ
ချူးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅(အေ-၁)၊ အခန်း-(ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၂၃၀ ၄၃၄၉၊ ၅၂၇၂၇

**PINNACLE HOUSE SERVICES COMPANY LIMITED**
ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ **PINNACLE HOUSE SERVICES COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၂၃-၅-၂၀၁၅
အစည်းအဝေးကျင်းပမည့်အချိန် - (၁၀း၀၀)
အစည်းအဝေးကျင်းပမည့်နေရာ - အမှတ်-၂၈၈ (ဘီ)၊ ၆-လွှာ၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်စန်းစန်းဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## U TUN HLAING & SONS COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ **U TUN HLAING & SONS COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန်ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၂၃-၅-၂၀၁၅

အစည်းအဝေးကျင်းပမည့်အချိန် - (၁၀း၀၀)

အစည်းအဝေးကျင်းပမည့်နေရာ - အမှတ်-၄၅၀၊ ၄-လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်တင်တင်ကျော်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၆ (၁) အရ ကြော်ငြာစာ

## မြန်မာဇုန်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

## MYANMAR ZONE TRADING CO.,LTD.

၂၀၁၅ ခုနှစ်၊ မတ်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာဇုန်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (MYANMAR ZONE TRADING CO.,LTD.)** အား (၂၄-၃-၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးစိုးမြင့် (B.A, R.A, C.P.A) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့် ရရန်ရှိနှင့် ပေးရန်ရှိသည်များကို (၂၄-၅-၂၀၁၅) ရက်နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြော်ငြာပါသည်။

ZAW HTIKE
MANAGING DIRECTOR
MYANMAR ZONE TRADING CO.,LTD.

ဦးစိုးမြင့်
(B.A, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၂၄-၄-၂၀၁၅။